အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ( ၉ ) ရက် ။
၁၃၇၀ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၃) ရက်။

## ကြေညာချက်အမှတ် – ၁၈/ ၀၇ / ၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းထွန်း၊ ဦးစိုးမြင့်၊ ဦးလှဖေ နှင့် ဦးညွန့်ဝေ တို့သည် တရားဝင်မှတ်ပုံတင်ထားသည့် အခြားနိုင်ငံရေးပါတီများနှင့်တူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအား ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့ညနေ (၄း၃၀) နာရီကျော်တွင် နေပြည်တော်၌ တွေ့ဆုံခဲ့ကြပါသည်။

ထိုသို့တွေ့ဆုံရာတွင် မစ္စတာဘန်ကီမွန်းက ဒီမိုကရေစီကူးပြောင်းရေးအတွက် ဗိုလ်ချုပ်မှူးကြီးနှင့် (၂) နာရီကျော် တွေ့ခွင့်ရခဲ့ကြောင်း၊ နိုင်ငံရေးပါတီများမှ သဘောထားအယူအဆ မတူကြသော်လည်း နိုင်ငံရေးပါတီအားလုံး တစ်သံတည်းဖြစ်ဖို့လိုကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းတွင် အားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်စေချင်ကြောင်းနှင့် ၂၀၁၀ ရွေးကောက်ပွဲကိစ္စတို့ကို ပြောပြပြီး၊ အချိန်မလုံလောက်၍ နိုင်ငံရေးပါတီများအနေဖြင့် တစ်ဖွဲ့လျှင် (၂) မိနစ်စီ ဆွေးနွေးကြပါဟု ပြောခဲ့ပါသည်။

ထိုအခါ အဖွဲ့ချုပ် ကိုယ်စားလှယ်များက အချိန်ဇယားဆိုသည်မှာ လူကလုပ်တာဖြစ်ကြောင်း၊ (၂) မိနစ်သာ ဆွေးနွေးခွင့်ရခြင်းဖြင့် အချိန်မလုံလောက်၍ လူကြီးမင်းအစီအစဉ်ကို လက်မခံနိုင်ပါကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။ မစ္စတာဂန်ဘာရီက ပြောစရာရှိသည်များကို စာနဲ့ရေး၍ပြောကြရန် မစ္စတာဘန်ကီမွန်းကို ပန်ကြားပြီးဖြစ်ကြောင်းနှင့် မစ္စတာဘန်ကီမွန်းကလည်း သဘောတူပြီးဖြစ်ကြောင်းတို့ကို ပြောခဲ့ပါသည်။

ထို့နောက် အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို လိုက်ခဲ့ပါဟု ၎င်း၏ဟော်တယ်ဧည့်ခန်းသို့ ခေါ်သွားသဖြင့် မစ္စတာဘန်ကီမွန်းနှင့် ၁၀ မိနစ်ခန့် ထပ်မံတွေ့ခွင့်ရခဲ့ပါသည်။ မစ္စတာဘန်ကီမွန်းက ရွေးကောက်ပွဲအရေးကြီးကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် အားလုံးပါဝင်နိုင်အောင် လုပ်ပေးမည်ဟု ကတိပြုထားကြောင်းတို့ကို ထပ်မံပြောပြပါသည်။

အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက ယင်းကိစ္စများဖြစ်မြောက်ရန်အတွက် (၁) ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးတွက် တွေ့ဆုံဆွေးနွေးရေး၊ (၃) ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို တနည်းနည်းဖြင့် ဖြေရှင်းပေးရေး၊ (၄) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဟူသည့် အချက်လေးချက်တို့မှာ အရေးကြီးကြောင်း၊ ရွှေဂုံတိုင်ကြေညာစာတမ်းဖြင့် ကမ်းလှမ်းထားသော်လည်း အာဏာပိုင်တို့ဘက်မှ တစ်စုံတစ်ရာ တုန့်ပြန်ခြင်းမရှိကြောင်းတို့ကို တိုတိုနှင့်လိုရင်း အကျိုးအကြောင်း ရှင်းပြ၍ စုစုပေါင်း (၁၀) မိနစ်ခန့်အချိန်အတွင်း တက်သုတ်ရိုက်ဆွေးနွေးခဲ့ရပါသည်။ ယင်းတင်ပြဆွေးနွေးချက်များကို ကုလသမဂ္ဂက အလေးအနက်ထား၍ ဆောင်ရွက်ပေးရန်နှင့် အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကိုလည်းတွေ့ရန် တိုက်တွန်းပြောဆိုခဲ့ပါသည်။

သို့ပါ၍ အထက်ပါအတိုင်း တွေ့ဆုံကြရာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၂၀၁၀ ရွေးကောက်ပွဲကို အဓိကဦးတည်၍ ပြောကြားခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း တွေ့ခွင့်မရခဲ့ကြောင်းနှင့် နိုင်ငံအတွက် သေရေးရှင်ရေးတမျှ အရေးကြီးပြီး၊ ကုလသမဂ္ဂက နှစ်ရှည်လများ ကြိုးပမ်းနေရသော ကြီးမားကျယ်ပြန့်သည့် မြန်မာ့နိုင်ငံရေးကိစ္စကို (၁၀) မိနစ်အချိန်အတွင်း အဖွဲ့ချုပ်၏ ကိုယ်စားလှယ်များက အသေးစိတ်ပြန်လည်ဆွေးနွေးနိုင်ခွင့် မရရှိခဲ့ကြောင်းတို့ကို ကြေညာလိုက်သည်။

**၇/၈ –၇ – ၀၉ နေ့များတွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်များအရ**

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့